| ပါဠိ | မြန်မာပြန်အကျဉ်း |
|---|---|
| ပါဠိ ၁၊ ဟေတုပစ္စယောတိ | ဟိတ်သဘောအဖြစ် ဖြင့်ကျေးဇူးပြုတတ်သောတရား<br>( အရင်းခံအကြောင်းဖြစ်၍ကျေးဇူးပြုတတ်သောတရား ) |
| ဟေတူ ဟေတု သမ္ပယုတ္တကာနံ ဓမ္မာနံ တံ သမုဋ္ဌာနာနဉ္စ ရူပါနံ ဟေတုပစ္စယေန ပစ္စယော | ဟိတ် ၆ ပါး တို့သည် ယှဉ်၍ ဖြစ်ကုန်သော စိတ် စေတသိက်တို့နှင့်အတူ ရုပ်တရားတို့ ကို<br>ဟေတုစ္စယေန ( ဟိတ်သတ္တိဖြင့် )<br>ကျေးဇူးပြုသည် |
| ( ပါဠိတော်များ ရွတ်ဆိုပူဇော်သည့်အခါ | |
| ပါဠိ ၌ ဂိသဋ္ဌန်ခေါ် ဂစ္စပေါက် မရှိသဖြင့် အသံပေါ့ဖြင့်သာ အသံထွက်၍ ရွတ်ဆိုပါ၊<br>ပါဠိ ၌ " ရ " ကို ဒွှာလိပ်သောအသံ ထွက်၍ ရွတ်ဆိုပါ<br>ပါဠိ ၌ " ရ ရစ် ယ ပင့် မပါသဖြင့် " ပစ္စယော " ကို ပြစ်စယော ဟု<br>အသံမထွက်ပါနှင့် ပစ်စယော ဟု အသံထွက်ပါ၊<br>ပစ္စယော = ပစ္စယ = ပစ္စည်း = ကျေးဇူးပြုခြင်း | (ရေသောက်မြစ်လျှင်၊ ယင်းသစ်ပင်ကို၊ စည်ပင်စေမှု၊ ကျေးဇူးပြု၊ ဟေတုပစ္စည်းခေါ်)<br>သစ်ပင်၏ရေသောက်မြစ်ကဲ့သို့ ဟိတ် ၆ ပါးတို့၏အကြောင်းတရားများသည်အတူဖြစ်ဘက်ရုပ် နမ် တရားတို့ကို ကျေးဇူးပြုသည်၊ |



ဟေတုဟူသောဟိတ် ၆ ပါး ( အမြစ်တရား ၆ပါး )
လောဘ၊ ဒေါသ၊ မောဟ၊
အလောဘ၊ အဒေါသ၊ အမောဟ
ထိုတရားတို့ နှင့် ယှဉ်ဘော်ယှဉ်ဘက်ဖြစ်သော ရုပ် နှင့် နမ် တို့အား ထောက်ပံ့ကျေးဇူးပြုသည်

လောဘ - ဒေါသ - မောဟ - အကုသိုလ်အမြစ် ( အကုသိုလ်ဟိတ် ) ရှင်သန်လျှင်
အကုသိုလ်တရားများရှင်သန်တိုးပွါးမည်
အလောဘ - အဒေါသ - အမောဟ - ကုသိုလ်အမြစ် ( ကုသိုလ်ဟိတ် ) ရှင်သန်လျှင်
ကုသိုလ်တရားများရှင်သန်တိုးပွါးမည်
လောဘစိတ်ဖြစ်ပေါ်နေလျှင်လောဘရုပ်ဆောင်မည်
ဒေါသစိတ်ဖြစ်ပေါ်နေလျှင်ဒေါသရုပ်ဆောင်မည်၊
မောဟစိတ် ( တွေဝေ) နေသောစိတ်ဖြစ်နေလျှင် မောဟရုပ်ဆောင်မည်

သတ္တဝါတိုင်းတွင်ထိုကောင်းသောအမြစ်၊ မကောင်းသောအမြစ်နှစ်မျိုးစလုံးပါရှိနေပြီးဖြစ်သည်
မိမိတွင်မည်သည့်ဟိတ်ကအကျိုးပေးနေသည်ကို ကိုယ့်ကိုယ်ကိုဆင်ခြင်သုံးသပ်နိုင်သည်၊
ကောင်းသောအကျိုးဖြစ်ထွန်းအောင် ကောင်းသောအမြစ်မျိုးစေ့ကို စိုက်ပျိုးနိုင်ပေသည်

ဆုတောင်း = အကုသိုလ်ကင်း၍ ကုသိုလ်နှင့် ယှဉ်တွဲရပါစေသား။